ဝန်ဇင်း
Read on the move

# ကွန်ဒုံးကို လွဲမှားစွာ စီမံခန့်ခွဲခြင်းကြောင့် ပြဿနာများနှင့် အခြား လိင်ပြဿနာများ

# MISMANAGEMENT OF CONDOM

ဒေါက်တာထွန်းဝင်း




# မာဆက်နှင့်လိင် ရောယှက်လိမ်တာမျိုး မဖြစ်ရင်ဖြင့်

လွန်ခဲ့တဲ့ ၁၅နှစ်ခန့်က ဖြစ်ပါတယ်။ ကျွန်တော်သည် INGO တစ်ခု၌ အမှုထမ်းစဉ် ကျွန်တော်၏ လက်အောက်အရာရှိ မောင်မောင်(နာမည်လွှဲ)နှင့်အတူ ဝပ်ရှော့တစ်ခုကိုတက်ရန် မြို့ကြီးတစ်မြို့ကို ရောက်နေပါတယ်။ ဘယ်နိုင်ငံက ဘယ်မြို့ကိုရောက်နေတာလဲဆိုတာကိုတော့ ထည့်မရေးတော့တာ ခွင့်လွှတ်စေချင်ပါတယ်။ ထိုမြို့သို့ရောက်နေစဉ် တပည့်အရာရှိက ကျွန်တော့်ကို မာဆက်ခေါ် အနှိပ်ခန်းတစ်ခုသို့ ခေါ်သွားပါတ

ယ်။ ဟိုရောက်တော့ ဒီလိုပြောပါတယ်။

**မောင်မောင်** - ဒီတစ်ခါလာတာ ကျွန်တော့်အထက်အရာရှိပါလာတယ်။ ဟိုဟာတွေ မပါဘူး။ အနှိပ်သည် က ချောဖို့ မလိုဘူး။ နှိပ်တဲ့လက်ပြင်းပြီး အနှိပ်ကျွမ်းဖို့ လိုတယ်။

**အနှိပ်ခန်းပိုင်ရှင်** - ချောတာလေးတွေရှိတယ်နော်။

**မောင်မောင်** - No No မလုပ်နဲ့ ။ ပါလာသူက သူငယ်ချင်း မဟုတ်ဘူး ။ ကျွန်တော့်ဆရာပါ။

သို့နှင့် အနှိပ်ခံရန် အခန်းထဲဝင်သွားပြီးနောက် ၂၁နှစ်အရွယ် မိန်းမတစ်ဦး ရောက် လာပြီး နှိပ်ပါတယ်။ သူနှိပ်ပြီးတော့ ဇက်ကြောတွေပြေသွားပါတယ်။ ဒါနဲ့ ကျသင့်ငွေရှင်းပြီး ပြန်လာခဲ့တယ်။ နောက်မှ သိရတာက အနှိပ်ခံပြီးရင် လိင်ဆက်ဆံလို့ ရတယ်လို့ ဆိုရာ မာဆက်နဲ့ လိင်တွဲထားသလို ဖြစ်နေပါတယ်။

ဒီတော့ အနှိပ်ခန်းကို ဆိုင်းဘုတ်မတင်ပါဘူး။ အနှိပ်မိန်းကလေးတွေခမျာ ကျီးလန့်စာ စားရပါတယ်။ မှောင်ခိုအနှိပ်ခန်းဖြစ်နေတယ်။ နှိပ်တယ်ဆိုတာကလည်း ခေါင်းကိုက် သက်သာစေတယ်။ စိတ်ဖိစီးမှု stress သက်သာတယ်။ သွေးတိုးကျဆင်းတယ်။ အိပ်ပျော်ခြင်းကို အားပေးတယ်။ ဒီတော့ နှိပ်တဲ့ ကိစ္စကို အပြစ်လို့ တော့ မယူဆပါဘူး။ မြန်မာနိုင်ငံ ပြစ်မှုဥပဒေ(ရာဇသတ်ကြီး)ကို ဖတ်ကြည့်တော့လည်း နှိပ်တာကိုတားမြစ်ထားတာ မရှိပါဘူး။ သို့သော် ပြည့်တန်ဆာလုပ်ငန်းကိုတော့တားမြစ်ထားတယ်။ အဲဒီတော့ အနှိပ်နဲ့ လိင် တွဲလိုက်တော့ အနှိပ်ကရောယောင်ပြီး အဖမ်းခံရတာ ဖြစ်နိုင်ပါတယ်။

## မာဆက်နှင့်လိင်ရောယှက်မလိမ်တဲ့ အခါ (သို့မဟုတ်) အနှိပ်သီးသန့်

ကျွန်တော်က စာရေးဆရာဆိုတော့ အညောင်းထိုင်ရတော့ အနှိပ်ခံရတာရှိပါတယ်။ နှိပ်လိုက်တော့မှ ကျန်းမာပါတယ်။ ကျွန်တော်၏ သမီးနှစ်ဦးကလည်း အလုပ်လုပ်နေပြီဖြစ်ပေမဲ့ သူတို့ အလုပ်က အဲကွန်းခန်းထဲမှာ ကွန်ပျူတာရှေ့မှာ တစ်နေ့ကုန်ထိုင်ရတဲ့ အလုပ်မျိုးပါ။ ဒီတော့လည်း သူတို့ အနှိပ်ခံကြရပါတယ်။ တစ်ခါတုန်းက သမီးငယ်နဲ့အတူ ဖိလစ်ပိုင်ကို ခရီးထွက်တုန်းက သမီးက အနှိပ်ခံရအောင်ဆိုလို့ သားအဖ(၂)ယောက် အနှိပ်ခံကြပါတယ်။ အဲဒါက မာဆက်ခန်းထဲမှာ မိန်းကလေးတွေ နှိပ်ပေးတာပါ။ ဒါပေမဲ့ မာဆက်နဲ့ လိင် ရောယှက်ခြင်းမရှိပါဘူး။ ဖိလစ်ပိုင်နိုင်ငံ မနီလာကမ်းခြေမှာ လည်း လမ်းဘေး အနှိပ်သည် ရှိပါတယ်။ တစ်ခါနှိပ်ရင် US ဒေါ်လာ ၂ဒေါ်လာ ပေးရပါတယ်။

ဒီနေရာမှာ ပြောစကားက ဒီလိုပါ။ တစ်နေ့တော့ ကျွန်တော်တို့ လင်မယားရယ်၊ သမီးငယ်တို့ ဇနီးမောင်နှံရယ် ဘန်ကောက်ကို ရောက်ကြပါတယ်။ အဲဒီမှာ လေးဦးစလုံး အနှိပ်ခံကြပါတယ်။ မာဆက်သီးသန့်ပါ။ မာဆက်နဲ့ လိင် ရောမထားပါဘူး။

နှိပ်ခတွေက

ခြေထောက်သီးသန့် = 3$

ခြေထောက် + ခန္ဓာကိုယ်အထက် = 5$

ဆီလူး(သံလွင်ဆီ)ဖြင့်နှိပ် = 7$ ဖြစ်ပါတယ်။

ဘန်ကောက်မြို့လယ် လမ်းမကြီးများ တစ်လျှောက် MASSAGE စင်တာတွေ ဆိုင်းဘုတ်တင်ပြီး တန်းစီနေပါတယ်။ နိုင်ငံခြားသားတွေ အမိ

ကအနှိပ်ခံပါတယ်။

အနှိပ်ခန်းတစ်ခုရဲ့ တစ်နေ့ဝင်ငွေက မှန်းခြေဒေါ်လာ(၅၀၀)ထက် မနိမ့်နိုင်ဘူး။ အနှိပ်ခန်းပေါင်းက တစ်မြို့လုံး တစ်ထောင်လောက်ရှိရင် ဒေါ်လာ ၅၀၀၀၀၀ လောက် ဝင်မှာ ပါ။ ဒီတော့ သူတို့ တွေ နိုင်ငံခြားဝင်ငွေတွေ ရပြီပေါ့။ ပေါ်ပေါ်တင်တင်ဆိုင်းဘုတ်တင်ထားတော့ မာဆက်နဲ့ လိင် ရောယှက်လိမ်မထားလို့ မာဆက်က တရားဝင်ခွင့်ပြုတယ်ထင်ပါတယ်။ ဒီတော့ နိုင်ငံတော်အစိုးရကလည်း တရားဝင်အခွန်တွေ အများကြီးရမှာ ပါ။ ဘန်ကောက်ကနေ ကျွန်တော်တို့ ကန်ပူးခြားကို ခရီးဆက်ခဲ့ရာမှာ ကန်ပူးခြားမှာ လည်း ဆိုင်းဘုတ်တင်ထားတဲ့ အနှိပ်ခန်းတွေ မှိုလိုပေါက်နေပါတယ်။ ဒီတော့ ကန်ပူးခြားတွေရမယ့်ဝင်ငွေက မသေးပါဘူး။ နိုင်ငံသားတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းလည်း ပိုများ ပါတယ်။

ထိုင်းနိုင်ငံနဲ့ ကန်ပူးခြားတို့ မှာ ငါးအနှိပ်ဆိုပြီး ရှိတယ်။ မှန်ငါးကန်ထဲကို ခြေထောက်ဝင်၍ ငါးလေးတွေက ခြေထောက်ကိုလာကိုက်ပြီး အညောင်းပြေစေတာပါ။ ဒါမျိုးကတော့ ဈေးကြီးပါပြီ။ ကန်ပူးခြားမှာ လည်း အနှိပ်ခံခဲ့ကြပါသေးတယ်။ ကန်ပူးခြားမာဆက်စင်တာတွေကလည်း ညဈေးထဲမှာ တင် ရှိပါတယ်။ ဥရောပတိုက်သားတွေကလည်း အနှိပ်ခံတာ ဝါသနာပါကြတယ် ထင်ပါတယ်။ သူတို့ ကမှ ပိုက်ဆံဖောဖောသီသီ သုံးနိုင်ကြတာပါ။ အနှိပ်ခန်းတွေမှာ မျက်နှာဖြူတွေပြည့်နေကြတော့ တိုင်းပြည်ဝင်ငွေ ကောင်းပါတယ်။ သူတို့ ဆီက မာဆက်ခန်းတွေက ပွင့်လင်းမြင်သာတဲ့ မှန်ခန်းတွေပါ။ ဒီတော့ အခန်းထဲမှာ မတော်တရော်ပြုလုပ်လို့ မရပါဘူး။ ဒီတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဝင်ငွေကို တစ်ဖက်တစ်လမ်း အထောက်အကူရပါတယ်။

## လိုင်းပူးကြသူများ

လိုင်းပူးတယ်ဆိုတဲ့ ဗန်းစကားကတော့ ဒီကိစ္စလုပ်ရင်း ဟိုကိစ္စရော လုပ်တာပါ။ တချို့ကတော့ လိုင်းပူးလို့ ကိုယ့်ငွေတွေပါကုန်တာကို တွေး ရင် ရင်နာစရာပါ။

## ဆုံးဖြတ်ချက်များ မှားယွင်းချိန်

တစ်ခါတစ်ရံ ကာရာအိုကေမှာ ၊ မာဆက်မှာ ငင်းလိင်ကိစ္စဆောင်ရွ က်ဦးမလားလို့ ကမ်းလှမ်းခံရတာ ရှိပါတယ်။ အဲဒီအခါမှာ ဆုံးဖြတ်ချက် မှားပြီး လိင်ကိစ္စဆောင်ရွက်မိလို့ HIV ကူးသွားတာရှိပါတယ်။

INGO တွေမှာ တော့ ဆုံးဖြတ်ချက်မှန်ကန်ရေး ဝပ်ရှော့များ Decisio n Making Skill Workshop တွေ လုပ်ပေးကြတယ်။ မှန်ကန်သော ဆုံးဖြ တ်ချက်ဆိုတာ အရေးကြီးပါတယ်။ ဆုံးဖြတ်ချက်တွေ မှားတဲ့ အချိန်ဆို တာ အရက်သောက်ထားချိန်ကိုခေါ်တာ ဖြစ်ပါတယ်။ ဒါကြောင့် မူးယစ် သောက်စားခြင်းကို ရှောင်ကြဉ်ခြင်းသည် မင်္ဂလာလို့ (၃၈)ဖြာမင်္ဂလာတ ရားတော်မှာ ဘုရားဟောရှိခဲ့တယ်။ အရက်မသောက်ရင် လိုင်းမပူးပါ။ မာဆက်သီးသန့်ဆိုရင် တိုင်းပြည်ဝင်ငွေကောင်းမှာ ပါဟု ဆိုချင်ပါတယ် ။ ကျွန်တော်တို့ ကန်ပူးခြားမှ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်ကို ဆ က်လက်ထွက်ခွာလာတော့ ဟိုချီမင်းမြို့တော်မှာ နိုင်ငံခြားငွေရှာတဲ့ မာ ဆက်ခန်းတွေ ပူပင်ကင်းစွာ ဆိုင်းဘုတ်တင်ထားတာ တွေ့ရပါကြောင်း ။